ဒင်းရွဲကျေးရွာ၊ မင်းဘူးကျေးရွာအုပ်စု

ပင်လောင်းမြို့နယ်



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (၂၀၂၂-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

ဒင်းရွဲကျေးရွာ၊ မင်းဘူးကျေးရွာအုပ်စု၊ ပင်လောင်းမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကကူညီရေးဆွဲသည်)

၂၀၂၃ခုနှစ်၊ မတ် လ ၁၅ ရက်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ	
		မှ	ထိ
၁	စကားချီး	၂	၃
၂	ကျေးရွာ၏ သယံဇာတပြမြေပုံ	၄	၄
၃	ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်	၅	၅
၄	ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ	၆	၆
	အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ		
၆	တည်နေရာနှင့် ပထဝီအနေအထား	၇	၇
၇	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	၇	၇
၈	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၇	၇
၉	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	၇	၇
	(က) သီးနှံစိုက်ပျိုးရေး	၇	၈
	(ခ) မွေးမြူရေးလုပ်ငန်း	၈	၈
	(ဂ) ငါးလုပ်ငန်း	၈	၈
	(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၈	၈
	(င) ဘဏ်နှင့် ငွေးကြေးဆိုင်ရာဝန်ဆောင်မှု	၉	၉
၁၀	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	၉	၉
၁၁	ပညာရေး	၉	၉
၁၂	ကျန်းမာရေး	၁၀	၁၀
၁၃	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၀	၁၀
၁၄	ကျား-မရေးရာ	၁၀	၁၁
၁၅	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	၁၁	၁၂
	အပိုင်း (၂) စီမံချက်ဆိုင်ရာအချက်အလက်များ		
၁၆	ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၃	၁၃
၁၇	စီမံချက်ဆိုင်ရာ အချက်အလက်များ	၁၄	၁၅
နောက်ဆက်တွဲများ			
၁၈	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	၁၆	၇၀
၁၉	ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြု ဇယား	၇၁	၇၂

စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်သည် ၂၀၂၂/၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆/၂၀၂၇ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာလူထုများကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများနှင့် ရန်ပုံငွေပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပင်လောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ထပ်ဆင့်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သော နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်း ဆောင်ရွက်သော နည်းလမ်းကို အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အစီအစဉ်ရေးဆွဲနိုင်ရေးအတွက် ကျေးရွာ ၏ ဖွံ့ဖြိုးရေးစိတ်ပါဝင်စားပြီး ရေးတတ်ဖတ်ကျွမ်းကျင်သူ ကျေးရွာ(၁)ရွာလျှင် လူငယ်(၂)ဦးစီအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ သင်တန်းတက်ရောက်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ပါဝင်ကူညီဆောင်ရွက်စေခဲ့ပါသည်။ ဤလုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းများ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။


ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။


ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအခြေအနေများပါဝင်ပြီး၊ အပိုင်း (ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်း များ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဒင်းရွဲကျေးရွာ၊မင်းဘူးကျေးရွာအုပ်စု
ပင်လောင်းမြို့နယ်


ဒင်းရွဲကျေးရွာ၊ ပင်လောင်းမြို့နယ်၊ သယံဇာတပြမြေပုံ



ဒင်းရွဲကျေးရွာ၊ ပင်လောင်းမြို့နယ်၊ ရာသီခွင်ပြ ပြကွဒိန်



ဒင်းရွဲကျေးရွာ၊ ပင်လောင်းမြို့နယ်၊ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



အပိုင်း(၁)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(၁) တည်နေရာအနေအထားနှင့် ပထဝီအနေအထား

ဒင်းရွဲကျေးရွာသည် ပင်လောင်းမြို့နယ်၏ အနောက်ဘက် (၄/၀)မိုင်ခန့်ခန့်အကွာတွင် တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအရ သွားလာရလွယ်ကူပြီး ပင်လောင်းမြို့နယ်မှ ကျေးရွာအထိ ကတ္တရာလမ်းဖြစ်ပါသည်။ ဒင်းရွဲကျေးရွာသည် တောင်ပေါ်ဒေသဖြစ်သည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြပါသည်။ လက်ဖက်၊စပါး၊ငရုပ် အဓိကထား စိုက်ပျိုးကြပါသည်။ မွေးမြူရေးလုပ်ငန်းနှင့် အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုမရှိပါ။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ ၉၀ မှ ၁၀၀ ဝန်းကျင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့်အထောက်အကူပြုသည်။ ကျေးရွာတည်ရှိမှု တောင်ပေါ်ဒေသဖြစ်ပြီး မိုးများ၍ အအေးပိုသည့် ဒေသဖြစ်ပါသည်။

(၂)ရာသီဥတု နှင့်သဘာဝအရင်းအမြစ်

ဒင်းရွဲကျေးရွာသည် မိုးရေကိုသာ အဓိကထား စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသည့် ကျေးရွာဖြစ်ပါသည်။ ကျေးရွာ၏ တောင်ဘက်တွင်(၀/၂)အကွာတွင် စိမ့်စမ်းရေရှိသဖြင့် နွေမိုး၊ဆောင်းသောက်သုံးရေဖူလုံစွာရရှိပါသည်။ စိုက်ပျိုးရေးအတွက် အသုံးပြုရန် လုံလောက်မှုမရှိနိုင်ပါ။ ကျေးရွာအတွင်း လယ်မြေအသင့်အတင့်ရှိပြီးမြေဆီ ကောင်းမွန်သည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် လယ်ယာမြေက(၅၄.၅) ကျော်ခန့်ရှိပြီး စပါး၊ လက်ဖက်၊ ငရုပ်သီးစသည်တို့ကို အဓိကထား၍ စိုက်ပျိုးကြပါသည်။ ကျေးရွာအတွင်း သဘာဝတွင်းထွက် သယံဇာတများမထွက်ရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ဒင်းရွှဲကျေးရွာအတွင်း အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်း(၁)ဖွဲ့ ၊ ကျောင်းကော်မတီဆိုင်ရာအဖွဲ့အစည်း(၁)ဖွဲ့၊ လူငယ်အဖွဲ့(၁)ဖွဲ့နှင့် မီးလင်းရေးကော်မတီ(၁)အဖွဲ့ ဟူ၍အဖွဲ့(၄)ဖွဲ့ရှိပါသည်။ သက်ဆိုင်ရာဖွဲ့စည်းထားသည့် အစုအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်ရာကဏ္ဍအလိုက်ဖြစ်သည့် လုပ်ငန်းတာဝန်များအား တက်ကြွစွာဆောင်ရွက်လျက်ရှိပါသည်။ ပြင်ပမှ လူမှုရေးအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်ဆောင်လျက်မှု အားနည်းသည်ကိုတွေ့ရှိရပါသည်။ သက်ဆိုင်ရာဌာနဆိုင်ရာအဖွဲ့အစည်းအနေဖြင့် မြို့နယ်လျှပ်စစ်ဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဦးစီးဌာနတို့မှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုသာ ဆောင်ရွက်ပေးပါသည်။ အခြားဌာနဆိုင်ရာအဖွဲ့အစည်းများ မရှိပါ။

(၄) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ အသင့်အတင့်ရှိသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု၏ ၃၀%သည် ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုအဆင့်အဖြစ် ခံယူကြပြီး ၅၀%သည် ချမ်းသာသည့်အဆင့်၊

၂၀%သည် အလယ်အလတ်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှုရှိပါသည်။ အခြားသော စိုက်ပျိုးရေးသုံး လယ်ယာမြေသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုနှင့် ရေလုံလောက်စွာ ရရှိမှုမရှိခြင်းတို့ကြောင့် တစ်နှစ်ပတ်လုံးမစိုက်ပျိုးနိုင်ပါ။ ရာသီလိုက်သီးနှံများ စိုက်ပျိုးရောင်းချမှုများကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်း သည်ဟု ပြောနိုင်ပါသည်။ သို့သော် သီးနှံပေါ်ချိန်တွင် ဈေးနှုန်းများကျဆင်းမှုတို့ကြောင့် အဆင်မပြေသော တောင်သူဦးရေပိုများလာကြသည်။ ချမ်းသာသော လယ်သမားအိမ်ထောင်စုများအပြင် အခြားလယ်သမား အိမ်ထောင်စုများအပြင် အခြားလယ်သမားအိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ ဆန်ကြိတ်စက်၊ သစ်ခွဲစက်စသော ကျဘမ်းလုပ်ငန်းများတွင်လည်း ဝင်ရောက်လုပ်ကိုင်ကြပါသည်။ ပြည်တွင်းအခြားဒေသများစို့ ဆောက်လုပ်ရေးလုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်သော အိမ်ထောင်စုအချို့လည်း အဆင်ပြေကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ဒင်းရွဲကျေးရွာတွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများမရှိပါ။ စိုက်ပျိုးရေး အဓိကထားလုပ်ကိုင်ကြသည့်အတွက် မွေးမြူရေးလုပ်ငန်းအား ဆောင်ရွက်နိုင်ခြင်းမရှိပါ။ မွေးမြူရေးလုပ်ကိုင်လျှင် အခြားသောစိုက်ပျိုးခင်းများကို မွေးမြူထားသည့် တိရိစ္ဆာန်များက ဖျက်စီးမှုများရှိသဖြင့် တစ်ရွာလုံး မွေးမြူရေးလုပ်ငန်းမလုပ်ကိုင်ကြပါ။

(ဂ)ငါးလုပ်ငန်း

ဒေသအတွင်း ငါးမွေးမြူရန်ဆန္ဒရှိသော်လည်း မြေနေရာ၊ ရေရရှိနိုင်မှု အခြေအနေများ အဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ခြင်းမရှိပါ။

(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းများ

ဒင်းရွဲကျေးရွာတွင် အဓိကထုတ်ကုန်လုပ်ငန်းမရှိပါ။ ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်မှာ ၁၀၀၀၀/ကျပ်အထိ ရပါသည်။ အလုပ်ကြမ်းသမား အဆင့်မှာ ၅၀၀၀မှ ၄၀၀၀ ရရှိကြပါသည်။ စပါးရိတ်ချိန်၊ ငရုပ်သီးခူးချိန်တွင် အမျိုးသားများ၏တစ်နေ့တာလုပ်အားခမှာ (၅၀၀၀) မှ(၆၀၀၀)၊ အမျိုးသမီးများ၏လုပ်အားခမှာ တစ်နေ့ (၄၀၀၀)မှ(၅၀၀၀)အထိရရှိပါသည်။ စပါးနှင့် ငရုပ်သီးခူးခမှာ တစ်ဧကလျှင် ရိတ်သိမ်းခ (၄၅၀၀၀) မှ(၅၀၀၀၀)ကျပ်အထိ လယ်သမား ကုန်ကျရပါသည်။ လုပ်အားခရရှိမှုမှာ အမျိုးသားနှင့်အမျိုးသမီး လုပ်အားခမတူညီဘဲ ကျားလုပ်အားခက အမြဲပိုနေတက်ပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေများပြားပြီး လူသားအရင်းမြစ်အလားလာ ကောင်းတစ်ရပ်ဖြစ်ပါသည်။ စက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်သင်တန်း၊ မုန့်လုပ်ငန်း၊ ဆိုင်ကယ်ပြင် သင်တန်း၊ စက်ပြင်သင်တန်း၊ ဝါယာထိန်း၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ အင်ဂျင်(ဝပ်လျှော့) ပြင်သင်တန်းစသော အသက်မွေးဝမ်းကျောင်းသင်တန်းများကို အနည်းအငယ်တက်ရောက်ကြသော်လည်း နည်းစနစ်တကျသင်ယူမှု နည်းပါးခြင်းတို့ကြောင့် ထိရောက်သော ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းနည်းပါးပါသည်။

(ငါ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ဒင်းရွဲကျေးရွာမှ တောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းအတွက် မည့်သည့် အဖွဲ့အစည်းထံမှ ချေးငွေမရရှိပါ။ စိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးငွေများလိုအပ်လာပါက အတိုးပေးချေးသူ/ အပေါင်ဆိုင်/ မိတ်ဆွေး/ဆွေးမျိုးများထံတွင် ချေးယူရပါသည်။ တစ်လလျှင် အတိုးနှုန်း (၁)ကျပ်မှ(၁၀)ကျပ်နှုန်းအထိ အတိုးကြီးမားစွာ ပေးဆပ်ပြီးချေးယူကြရပါသည်။ တောင်သူလယ်သမားများ ချေးငွေထုတ် ချေးရာတွင်မိမိတို့ ပိုင်ဆိုင်သောလယ်ယာမြေပုံစံ(၇)၊ အပေါင်ပစ္စည်းစသည့် များချေးငွေထုတ်သည့်နေ့မှပြန်ဆပ်သည့် အထိပေးထားရပါသည်။

(၅) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျွန်ုပ်တို့ ကျေးရွာတွင် အခြေခံအဆောက်အဦးများနှင့် ပတ်သက်၍ ကျေးရွာအများသုံး အဆောက်အဦးများ မရှိသေးပါ။(ဥပမာ- ဘက်စုံသုံးခန်းမဆောင်၊စာကြည့်တိုက်) ကျေးရွာနှင့်မြို့သို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းမှ ၂၀၁၆ ခုနှစ်တွင် န.တ.လ ဌာန မှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးထားပါသဖြင့် သွားလာရအဆင်ပြေပါသည်။ သို့သော် ယခုလက်ရှိလမ်းအား အသုံးပြုများပြားနေသည့်အတွက် ကတ္တရာထပ်ပိုးလွှာများအား ထပ်မံပြုပြင်ရန်လိုအပ်ပါသည်။ ကျေးရွာတွင်း လမ်းများအားလုံးသည် မြေသားလမ်းများဖြစ်သည့်အတွက် မိုးရာသီအချိန်တွင် သွားလာရအခက်အခဲရှိပါသည်။ ကျေးရွာ၏ မီးလင်းရေးအနေဖြင့် လျှပ်စစ်မီးကိုသာရွာလုံးကျွတ် အဓိကထားသုံးစွဲကြပါသည်။ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းကို မြို့နယ်လျှပ်စစ်ရုံးမှ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ဆောင်ရွက်ပေးခဲ့ပါသည်။ ဆက်သွယ်ရေးနှင့် ပတ်သက်ပြီး ဖုန်းလိုင်း၊ အင်တာနက်လိုင်း ကောင်းမွန်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍတွင် များစွာစိတ်ပါဝင်စားလျှက်ရှိ ပြီးဖော်ဆောင်သောလုပ်ငန်းအားလုံး၌ အလုပ်ပြီးမြောက်အောင်မြင်အောင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်တက်သော ကျေးရွာသူရွာ သား များဖြစ်ကြပါသည်။

(၆) ပညာရေး

ဒင်းရွဲကျေးရွာသည် စာသင်ကျောင်းမရှိပါ။ ကျေးရွာနှင့် (၀/၂)မိုင်သာ ကွာဝေးသည့် ရေခေါက်ကျေးရွာသို့ ကျေးရွာမှ ကလေးသူငယ်များ သွားရောက်ပညာသင်ကြားကြပါသည်။ အဆိုပါ ရေခေါက်ကျေးရွာသည် အလယ်တန်းကျောင်းရှိပါသည်။ ကျောင်း၏မြေအကျယ် (၁.၀၁)ဧက ကျောင်းဆောင်၏ အလျား(၁၂၆.၅ပေ)၊ အနံ (၂၃.၅ပေ)၊ အမြင့်(၁၈ပေ)ရှိပါသည်။ ၂၀၁၂ ခုနှစ်က ဆောက်လုပ်ပြီးစီးခဲ့ပြီး ကျောင်းဆောင်အဆောက်အဦးမှ အတင့်တင့်အနေအထားရှိပါသည်။

ဆရာ၊ဆရာမ အင်အားမှာကျောင်းအုပ်ဆရာမကြီး(၁)ဦး၊ လက်ထောင်ဆရာမ (၄)ဦး၊ အထွေထွေလုပ်သား(၁)ဦးစုစုပေါင်း(၆)ဦးရှိပါသည်။ ရွာသူရွာသားများအားလုံးနီးပါး စာရေးတက်ဖက်တက်ကြပါသည်။ ယခုအခါတွင် ကျေးရွာ၌ မူလတန်းကိုမဖြစ်မနေတက်ရောက်ကြသော စနစ်ကိုလည်း လိုက်နာကြပါသည်။ အလယ်တန်း၊အထက်တန်းပညာရေးကို ပင်လောင်းမြို့ရှိကျောင်းများတွင် သွားရောက်သင်ကြားကြပါသည်။ ဒေသတွင်ပညာရေးနှင့်ပတ်သတ်ပြီး အသင့်အတင့်ကောင်းမွန် ပါသည်။ မူလတန်း ပညာရေးမှာလည်း ပညာသင်ကြားမှုနှုန်း မြင့်မားလျှက်ရှိနေပါသည်။

(၇) ကျန်းမာရေး

ကျွန်ုပ်တို့ကျေးရွာတွင် အစိုးရဌာနမှ တာဝန်ချပေးထားသော ကျန်းမာရေးဝန်ထမ်းနှင့် ကျေးလက်ကျန်းမာရေးအဆောက်အဦးများ မရှိပါ။ ပင်လောင်းမြို့နှင့် အလှမ်းမဝေးသည့်အတွက် ကျန်းမရေးကိစ္စရပ်များသည် ပင်လောင်းပြည်သူ့ဆေးရုံသို့ သွားရောက်ကုသကြပါသည်။ ကျေးရွာသို့ ကျန်းမာရေး ဆရာမများမှလည်း နှစ်လတစ်ကြိမ်ကျေးရွာတစ်ရွာလုံးရှိ ရွာသူ၊ရွာသားများ၏ ကျန်းမားရေးကိစ္စများ၊ ကာကွယ်ဆေးထိုနှံမှုတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဒေသတွင် သောက်ရေအတွက် အဓိကအားထားရသော စိမ့်စမ်းရေထွက်(၁)ခုရှိပါသည်။ သုံးရေအတွက် လူဖြင့်ကိုယ်တိုင်သွား ရောက်ခပ်ယူကြပြီး အဆင်ပြေသောအိမ်ထောင်စုများတွင် မော်တာစက်ဖြင့် ရေတင်၍ သုံးစွဲကြသည့် အတွက် ရေလုံလောက်စွာရရှိကြပါသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကိုအုတ်ဖြင့်ဆောက်လုပ်ကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးရိုင်းပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်းလုံအိမ်သာ သုံးစွဲကြသဖြင့် ယင်ကြောင့် ဖြစ်ပွားတက်သော ဆက်စပ်ရောဂါများဖြစ်ပွားမှုနည်းပါသည်။ စာသင်ကျောင်းများတွင်လည်း ယင်လုံအိမ်သာ ကိုစနစ်တကျဆောက်လုပ်ထားသဖြင့် ကျောင်းသူ/သားများအတွက် အသုံးပြုရလွယ်ကူပါသည်။

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျွန်ုပ်တို့ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်၍ မိုးရာသီ၌ ရေကြီးခြင်း၊ ရေလွှမ်းခြင်းများ ကိုခံရခြင်းမရှိပါ။ မြစ်ရေတက်မှုကြောင့်ရေအနည်းငယ်ကြီးတက်ပြီးသဘာဝဘေး အန္တရာယ်ကျ ရောက်မှုမရှိပါ။ ကျေးရွာတွင် စပါး၊ လက်ဖက်၊ ငရုတ်သီး စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်သဖြင့် ဓါတုပိုးသတ်ဆေးများသုံးစွဲမှုများပြားလာခြင်း၊ ဓါတုမြေဩဇာများသုံးစွဲမှု များပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာခြင်းတို့ ဖြစ်ပေါ်လာပါသည်။ တောင်သူများအနေဖြင့် ဓါတုဗေဒ ပိုးသတ်ဆေးများကို အသုံးပြုမှုများပြားလာခြင်းနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု တွင်လည်း ပလပ်စတစ် အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နိုင်ပါသည်။ ထို့ကြောင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

၉။ ကျား/မရေးရာ

အဝိုင်းရွာသစ်ကုန်းကျေးရွာတွင် ကျား၊မရေးရာ ဆက်နွယ်မှု အနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုများတွင် ကျား၊မတို့၏ အခန်းကဏ္ဍ အသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျား၊မ အကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု ခွဲခြားဆက်ဆံခြင်းကိစ္စများကိုမတွေ့ရပါ။ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည်သာမန်အား ဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်း၊အထက်တန်း များရှိကျား၊မ အရေအတွက်မှာ အလွန်ကွာခြားခြင်းမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေး ဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်ပါသည်။ သို့သော်ကျေးရွာတွင် နေ့တွက်

လုပ်အားခမှာ အမျိုးသားများက အမျိုးသမီးများ ထက်ပိုမိုရရှိကြပါသည်။ ဥပမာအားဖြင့် လုပ်အား သဘာဝနှင့် အင်အားစိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသား များထက် လုပ်အားခ လျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင် မှုတို့မှာ အလွန်နည်းပါးလျှက်ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင် အသင့်အတင့်ပါဝင် ဆောင်ရွက်ကြပါသည်။ ကျား၊မ တန်းတူညီမှုနှင့် ပတ်သတ်၍ အသိပညာပေးခြင်းများကို မြှင့်တင် ဆောင်ရွက်ပေးခြင်းဖြင့် ကျား၊မတန်းတူညီမှု၊ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင် ပါသည်။

(၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ဒင်းရွဲကျေးရွာ၏ စီမံချက်အလိုက် ဦးစားပေးအစီအစဉ် များကိုဇယားဖြင့် ဖော်ပြထား ပါသည်။ ကျေးရွာလူထုများသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်း အဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များရေးဆွဲရာ တွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူ အညီများရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာလူထုမှ ဦးစားပေးနှစ်အလိုက် ရွေးချယ်ထားသော ဖော်ထုတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများကို သက်ဆိုင်ရာဦးစီးဌာနများ၏ ဘတ်ဂျက် များတွင် လျာထားဆောင်ရွက်နိုင်ရေးအတွက် ဌာနနှင့် ကျေးရွာလူထုများမှ ဆက်လက်ဆောင်ရွက် သွားရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	စီမံချက်အမည်	ဦးစားပေး အဆင့်	၂၀၂၂ ၂၀၂၃	၂၀၂၃ ၂၀၂၄	၂၀၂၄ ၂၀၂၅	၂၀၂၅ ၂၀၂၆	၂၀၂၆ ၂၀၂၇
၁	ကျေးရွာအဝင်လမ်းကွန်ကရစ်ခင်းခြင်း	၁	√				
၂	ရေပိုက်သွယ်တန်းခြင်းနှင့်ရေစုကန်တည် ဆောက်ခြင်းလုပ်ငန်း	၂		√	√		
၃	အိမ်သွယ်ရေတိုင်စနစ်ဆောင်ရွက်ခြင်း လုပ်ငန်း	၃		√	√	√	
၄	ကျေးရွာဘက်စုံသုံးခန်းမဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း	၄			√	√	√
၅	ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း	၅				√	√
၆	မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ခြင်း လုပ်ငန်း	၆		√	√	√	√

(၁၁) ဒင်းရွဲကျေးရွာ ဦးစားပေး လုပ်ငန်းများ အဆင့်ခွဲခြားသတ်မှတ်ချက်

စဉ်	စီမံချက်အမည်	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၁)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၂)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၃)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၄)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၅)	စုစုပေါင်း	အဆင့်
၁	ကျေးရွာအဝင်လမ်းကွန်ကရစ်ခင်းခြင်း	၁၀	၁၀	၁၀	၁၀	၈	၅၀	၁
၂	ရေပိုက်သွယ်တန်းခြင်းနှင့်ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်း	၁၀	၁၀	၁၀	၁၀	၁၀	၄၈	၂
၃	အိမ်သွယ်ရေတိုင်စနစ်ဆောင်ရွက်ခြင်းလုပ်ငန်း	၅	၇	၇	၅	၅	၃၅	၃
၄	ကျေးရွာဘက်စုံသုံးခန်းမဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း	၅	၈	၅	၁၀	၇	၃၂	၄
၅	ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း	၅	၇	၅	၇	၈	၃၀	၅
၆	မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ခြင်းလုပ်ငန်း	၄	၄	၅	၅	၃	၂၁	၆

(၁၂) ဒင်းရွဲကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁	ဦးခွန်ပန်းဖြူ	ဦးထွန်း	၁၃/ပလန(နိုင်)၁၀၇၆၆၀	ဥက္ကဋ္ဌ	
၂	ဦးခွန်ခင်မောင်	ဦးမော်	၁၃/ပလန(နိုင်)၀၄၃၇၉၇	အတွင်းရေးမှူး	
၃	ဦးခွန်ကျော်ညွန့်	ဦးတီး	၁၃/ပလန(နိုင်)၀၈၁၅၇၂	ဘဏ္ဍာရေးမှူး	
၄	ဒေါ်ခင်သန်းဝင်း	ဦးစိန်ထွန်း	၁၃/ပလန(နိုင်)၁၃၁၁၅၅	စာရင်းကိုင်	
၅	ဦးအောင်ခမ်း	ဦးအုန်းသာ	၁၃/ပလန(နိုင်)၀၇၁၅၄၉	အဖွဲ့ဝင်	
၆	နန်းဗွာသျှူး	ဦဖိုးကီ	၁၃/ပလန(နိုင်)၁၄၅၅၇၅	အဖွဲ့ဝင်	
၇	ဒေါ်ခမ်းရောင်	ဦးမန်းရွှေ	၁၃/ပလန(နိုင်)၁၃၂၉၁၄	အဖွဲ့ဝင်	

ဒင်းရွဲကျေးရွာ ဝယ်ယူရေးဆပ်ကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁	ဦးခွန်ခင်မောင်	ဦးမော်	၁၃/ပလန(နိုင်)၀၄၃၇၉၇	အတွင်းရေးမှူး	
၂	ဦးခွန်ကျော်ညွန့်	ဦးတီး	၁၃/ပလန(နိုင်)၀၈၁၅၇၂	ဘဏ္ဍာရေးမှူး	
၃	ဒေါ်ခင်သန်းဝင်း	ဦးစိန်ထွန်း	၁၃/ပလန(နိုင်)၁၃၁၁၅၅	စာရင်းကိုင်	

စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ - ဒင်းရွဲကျေးရွာ ကျေးရွာအုပ်စု - မင်းဘူးကျေးရွာအုပ်စု မြို့နယ် - ပင်လောင်းမြို့နယ် တိုင်း/ပြည်နယ် - ရှမ်းပြည်နယ်(တောင်ပိုင်း)၊ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
စီမံချက်အမည် – ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း(၁၀၀၀” x ၁၂”x ၆””)
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ဒင်းရွဲကျေးရွာသည် လက်ရှိတွင် ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်နေပြီး မိုးရာသီတွင်သွားလာရခက်ခဲမှုရှိပါသည်။ ကျေးရွာတွင်းလမ်းများ ရာသီမရွေးသွားလာနိုင်ရေးအတွက် မြေသားလမ်းမှကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ပါသည်။
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) ကျေးရွာမှ ရာသီမရွေးသွားလာနိုင်ရန်အတွက် ရည်ရွယ်ပါသည်။
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) ကျေးရွာတွင်းလမ်းများ ရာသီမရွေးသွားလာနိုင်ခြင်းကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးများ ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အပံ့များရရှိလာမည် ဖြစ်ပါသည်။
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည်) ကျေးရွာတွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၏ ခန့်မှန်းကုန်ကျငွေကျပ် (၁၇၀၀၀၀၀၀/-) ဖြင့် ဆောင်ရွက်သွားပါမည်။
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀၀၀၀၀၀၀/-(ငွေသား) • ၇၀၀၀၀၀၀၀/- (ငွေသား) • (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၄၀	၅၂	၉၀	၃	၁၆	၄	၃	၂၆
အကျိုးခံစားမည့်သူ ဦးရေ	၄၀	၅၂	၉၀	-	-	-	-	-
မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
- ကျေးရွာလူထု
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း - (၁၁.၈.၂၀၂၂)

(၃) စီမံချက် ပြီးစီးမည့် အချိန် - (၁၀.၃.၂၀၂၂)

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –

ကျေးရွာသူ/သားများ လုပ်အားပေးရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ ကျေးရွာအတွင်း အသံချဲ့စက်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများမှ အပိုင်းလိုက် နှိုးဆော်၍လည်းကောင်း ဆောင်ရွက်သွားပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ၊ ရပ်မိရပ်ဖများနှင့် ရွာသူရွာသားများ ပူးပေါင်း၍ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မှီရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ် ပြီး ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းအတွက် ကော်မတီတစ်ရပ်ဖွဲ့စည်း၍ လုပ်ငန်းအား လွှဲပြောင်းပေး၍ ကျေးရွာလမ်းကော်မတီနှင့် ရာအိမ်မှူးဦးဆောင်၍ နှစ်စဉ်ကျေးရွာသူ/သားများတို့ ပူးပေါင်း၍ ပြုပြင်ထိန်းသိမ်း၍ အသုံးပြုသွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူအရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁		၁		
၁ နှစ်မှ ၄ နှစ်	နှစ်အောက်ကလေးငယ်	၁	၅	၆		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၄	၄	၈		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁	၄	၅		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၃၀	၃၇	၆၇		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၃	၂	၅		
စုစုပေါင်း		၄၀	၅၂	၉၀		
စုစုပေါင်း အိမ်ထောင်စု		၂၆				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁)နှစ်ပြည့်အရွယ်မှ (၅)နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာ အသက်(၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက်(၁၅)နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅) နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ၆၅ နှစ်အထက် သက်ကြီးရွယ်ကြီး (၅)ဦးရှိပြီး၊ အလုပ်လုပ်နိုင်သည့် လူဦးရေမှ ကျား/မ စုစုပေါင်း (၆၇)ဦးရှိပါသည်။ ကျေးရွာတွင် မသန်စွမ်းသူများ မရှိပါ။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှုမှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၂၆	၆၇	၄	၃	၆	၆၇	မြင့် ☑ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့်☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှုမှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှုမှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း		၁					မြင့် ☑ လတ်☐ နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☑ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှုမှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှုမှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၇	ပညာရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှုမှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှုမှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၂၆	၆၈	၄	၃	၆	၆၇	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"**ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်း တစ်ခုတွင်ကိုယ်ပိုင် လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများ အတွက်အလုပ် အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"** တွင်ရပ်တည်နိုင်မှု**"မြင့်"**ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ကိုင်သည့်လုပ်ငန်းမှ စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားစိုက်ပျိုးကြပြီး အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု ၄ စုရှိပါသည်။ အဆိုပါ အမျိုးသမီးဦးဆောင်သောအိမ် ထောင်စုများအနက် ကျား/မ ပေါင်း(၆)ဦးရှိပါသည်။ ကျေးရွာပြင်ပသို့ သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စု ၁ စု ၊ လူဦးရေမှ ၁ ဦးရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၅၀၀၀	၅၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း(ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	-	-	-	-

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀	၆၀၀၀	၈၀၀၀	၆၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ လုပ်ငန်းအလိုက် ကျား/မ လုပ်အားခသတ်မှတ်နှုန်းထားမှ စိုက်ပျိုးရေးလုပ်ငန်းတွင် ကွာဟမှုမရှိသော်လည်း ဆောက်လုပ်ရေး/ပန်းရံ/လက်သမား လုပ်ငန်းများတွင် ကျား/မ လုပ်အားခ သတ်မှတ်နှုန်းကွာဟမှုရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ	၁၀	ကောင်း ☐ သင့်☑ ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
ယာမြေ / တောင်ယာမြေ	၁၄	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၃၀.၅	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ(ကျွန်းမျှော)		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၅၄.၅	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊(၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊(၄)ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူးရုံး။ မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင် နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။ လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်မြေ/တောင်ယာ/ဥယျာဉ်ခြံမြေ စုစုပေါင်း ၅၄.၅ ဧက ပိုင်ဆိုင်ကြပြီး အဓိကစိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးမြေများ၏ မြေဆီလွှာအရည်အသွေးမှာ သင့် အနေအထားရှိပါသည်။ ယခုအခါတွင် မြေဩဇာများ အလွန်အကျွံသုံးစွဲမှုများကြောင့် မြေဆီလွှာများထိခိုက်ပျက်စီးမှုအနည်း ငယ်ရှိသည့်ကို တွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☑ နည်း ☐မရှိ ☐	လွယ် ☑ ခက်☐အသုံးမပြုနိုင်ပါ	လျော့ ☑ တိုး ☐အပြောင်းအလဲမရှိ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
		☐	☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐မရှိ ☑	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဓါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များအနေဖြင့် ကျောက်နှင့်သဲများသာ အဓိကတွေ့ရှိရပြီး အခြားသော သဘာဝအရင်းအမြစ်များ မရှိပါ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ် ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၃	၁၆	၃	၃

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ဥစ္စာဓနအဆင့်တွင် မပြေလည်သော အိမ်ထောင်စု(၃)စု၊ အလွန်မပြေ လည်သောအိမ်ထောင်စု(၃)စု စုစုပေါင်းအိမ်ထောင်စုပေါင်း(၆)စု ရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c–၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓန အဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၉
၃လနှင့်ဖြစ်			အခြားအစာပြောင်းလဲစား = ၀

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
ကြားဝမ်းစာဖူလုံမှု			အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
ဖလမှာ၁၂လအထိဝမ်းစာဖူလုံမှု	၆	၂	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၆ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဖလ မှ ၁၂လအထိ ဝမ်းစာဖူလုံမှုအိမ်ထောင်စု အရေအတွက်မှ (၆)စုရှိပါသည်။ အဆိုပါအိမ်ထောင်စုများအနက်မှ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၂)စုရှိပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖခင်နှစ်နှင့်အထက်	-	၁	၁
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၅		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော (၆၉)နှစ်အထက်

သက်ကြီးရွယ်အို မ(၁)ဦးရှိပြီး ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု (၅)စုရှိပါသည်။

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉)

ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✓			✓		
၂	လျှပ်တပြတ်ရေကြီးခြင်း	✓			✓		
၃	မုန်တိုင်းဒီရေ	✓			✓		
၄	ဆူနာမီ	✓			✓		
၅	တိုင်ဖုန်းမုန်တိုင်း	✓			✓		
၆	လေဆင်နာမောင်း	✓			✓		
၇	ငလျင်	✓			✓		
၈	အပူလှိုင်း	✓			✓		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	✓			✓		
၁၀	အအေးလှိုင်း	✓			✓		
၁၁	မိုးသီးကြွေကျမှု	✓			✓		
၁၂	မိုးခေါင်ခြင်း	✓	✓		✓	✓	
၁၃	တောမီးလောင်ခြင်း	✓			✓		
၁၄	မြစ်ကမ်းပါးပြိုခြင်း	✓			✓		
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✓			✓		
၁၆	မြေပြိုခြင်း	✓			✓		
	လူကြောင့်ဖစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု			✓	✓		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)		✓			✓	
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြ	✓			✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	ငး						
၂၀	သစ်တောပြုန်းတီးခြင်း	✓			✓		
၂၁	ငှက်ဖျားရောဂါ	✓			✓		
၂၂	တီဘီရောဂါ	✓			✓		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓			✓		
၂၄	ကပ်ရောဂါ		✓			✓	
၂၅	ပြည်တွင်းပဋိပက္ခ		✓			✓	
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓			✓		
၂၇	လူကုန်ကူးခြင်း	✓			✓		
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ် ရေးခက်ခဲခြင်းစသည်	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။ မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း ၊မိုးခေါင်ခြင်းစသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက် ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။အိမ်ထောင်စု ၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်အိမ်ထောင်စု ၁၀၀ တွင် ၂၅မှ၅၀အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု၁၀၀တွင် ၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ဘေးအန္တရာယ်ကြောင့် ထိခိုက်သက်ရောက်လွယ်မှုမှ မိုးခေါင်းခြင်း၊ ကပ်ရောဂါနှင့် ပြည်တွင်းပဋိပက္ခများဖြစ်ပြီး ကျန်သည့် အချက်များ ထိခိုက်သက်ရောက်မှု နည်းပါးသည်ကို တွေ့ရှိရပါသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓			✓		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု			✓	✓		
၃	ဆင်းရဲသားတောင်သူ			✓	✓		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	✓					
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	✓					
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	✓					
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	✓					
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	✓					
၉	ငါးကန်ပိုင်ရှင်များ	✓			✓		
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ			✓	✓		
၁၁	လူနည်းစုလူမျိုးများ	✓					
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	✓					
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	✓					
၁၄	ရွှေတွင်းလုပ်သားများ	✓					
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ	✓					
၁၆	နေရပ်ပြန်အခြေချသူများ	✓					
၁၇	ရွှေ့ပြောင်းလုပ်သားများ	✓					
၁၈	ကားမောင်းပြီးအသက်မွေးသူ	✓					

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
	များ						

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါ ကမည်မျှအထိ ထိခိုက်ကြ ပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဘေးအန္တရာယ်ကြောင့် ထိခိုက်သက်ရောက်မှု ခံစားရနိုင်သည့် သူများမှ ဆင်း ရဲသော တောင်သူများ၊ အမျိုးသမီးဦးဆောင်သော ဆင်းရဲသော အိမ်ထောင်စုများနှင့် လက်လုပ်လက်စားများဖြစ်ကြပါ သည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့	၁☐၂☑၃☐	၅	-	၅	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၂	လူငယ်အဖွဲ့	၁☐၂☑၃☐	၃	၂	၅	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၃	မီးလင်းရေးကော်မတီ	၁☑၂☐၃☐	၄	၃	၇	ပညာရေး☐ငွေကြေး☑ကျန်းမာရေး☐ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐သင့်☑ညံ့☐
၄	ကျောင်းကော်မတီ	၁☐၂☑၃☐	၃	-	၃	ပညာရေး☐ငွေကြေး☐ကျန်းမာရေး☐ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐သင့်☑ညံ့☐
၅		၁☐၂☐၃☐				ပညာရေး☐ငွေကြေး☐ကျန်းမာရေး☐ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐သင့်☐ညံ့☐
၆		၁☐၂☐၃☐				ပညာရေး☐ငွေကြေး☐ကျန်းမာရေး☐ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐သင့်☐ညံ့☐
၇		၁☐၂☐၃☐				ပညာရေး☐ငွေကြေး☐ကျန်းမာရေး☐ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐သင့်☐ညံ့☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင် အုပ်ချုပ်ရေးအဖွဲ့၊ လူငယ်အဖွဲ့၊မီးလင်းရေးကော်မတီအဖွဲ့နှင့် ကျောင်းကော်မတီအဖွဲ့ဟူ၍ အဖွဲ့(၄)ဖွဲ့ရှိပါသည်။ အဆိုပါအဖွဲ့များသည် မိမိလုပ်ငန်းတာဝန်များ အလိုက် တက္ကြစွာပူးပေါင်းဆောင်ရွက်ကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန၏ မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်နေသော ပြည်ပအဖွဲ့အစည်းများမှ အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများသာရှိပြီး အခြား INGO/NGO အဖွဲ့အစည်းများ ဆောင်ရွက်မှု မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ–၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၆	၁	မြေမဲ့ယာမဲ့
၂	၂.၅ကေအောက်	၁၇		ဆင်းရဲသားတောင်သူ
၃	၂.၅ကေမှ၅ကေကြား	၃		တောင်သူငယ်
၄	၅ကေမှ၁၂.၅ကေကြား			တောင်သူလတ်
၅	၁၂.၅ကေအထက်			တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၂၆	၁	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု (၆)ရှိပါသည်။ အဆိုပါ(၆)စုအနက်မှာ အမျိုးသမီးဦး ဆောင်သော အိမ်ထောင်းစု(၁)စု ရှိပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ
ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်ငင်းရေတွင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန ၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားစိုက်ပျိုးကြပြီး စိုက်ပျိုးရေရရယူမှုမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
စပါး	၁၀	တင်း	၂၀	၅၀	၃၀	၇	၁၁	မြင့်☑လတ်□နိမ့်□	မြင့်□လတ်☑ နိမ့်□	မြင့်☑လတ်□ နိမ့်□

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	မှ	ထိ			
ငရုပ်	၅	ပိဿာ	၈၀	၁၀၀	၅၀	၅	၂	မြင့်☑လတ် □နိမ့်□	မြင့်□လတ် ☑ နိမ့်□	မြင့်☑လတ် □ နိမ့်□
								မြင့်□လတ် □နိမ့်□	မြင့်□လတ် □ နိမ့်□	မြင့်□လတ် □ နိမ့်□
								မြင့်□လတ် □နိမ့်□	မြင့်□လတ် □ နိမ့်□	မြင့်□လတ် □ နိမ့်□
								မြင့်□လတ် □နိမ့်□	မြင့်□လတ် □ နိမ့်□	မြင့်□လတ် □ နိမ့်□
								မြင့်□လတ် □နိမ့်□	မြင့်□လတ် □ နိမ့်□	မြင့်□လတ် □ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးနှင့်ငရုပ်သီးများ စိုက်ပျိုးကြ ပါသည်။ အထွက်နှုန်းမှာ နည်းပါးရသည့် အကြောင်းအရင်းမှာ သွင်းအားစုများ ဈေးမြင့်မားခြင်းတို့ ဖြစ်ပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်
ထွန်စက်	-	-	-	-
လက်တွန်းထွန်စက်	၁	-	-	၂၅
အစေ့ချကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-
ရိတ်သိမ်းစက်	-	-	-	-

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်
ခြွေလှေ့စက်	-	-	-	-
ရေစုပ်စက်	-	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	-	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာသုံးစက်ကိရိယာများနှင့်ပတ်သက်၍ လက်တွန်းထွန်စက်ပိုင်ဆိုင်သည့် အိမ်ထောင်စု(၁)စုသာရှိပြီး ငှားရမ်းလုပ်ကိုင်ကြသည့် အိမ်ထောင်စုမှာ(၂၅) စုရှိပါသည်။ လယ်ယာသုံးစက်ကိရိယာများ ငှားရမ်းသုံးစွဲရသည့်အတွက်ကြောင့် ငှားရမ်းခများမြင့်မားခြင်းကြောင့် စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်များငှားရမ်းပေးမည်ဆိုပါက ကျေးရွာအတွက် အဆင်ပြေပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ☑
